# ၅။ သံသယဆွမ်းကို မဘုဉ်းပါ

Dr. အောင်သူ ။ ။ အသက်ကို သီလနဲ့ အလဲအလှယ် ပြုတော်မူတဲ့ ထေရ်ရှင်များအကြောင်း နာကြားရတာ သာသနာတော်အတွက် သိပ်ကို အားရပါတယ် ဘုရား။

ဆရာတော် ။ ။ ဘုရားရှင် သက်တော် ထင်ရှားရှိစဉ် အခါကာလက အရှင်သာရိပုတ္တရာမထေရ်မြတ်က လေနာရောဂါရဲ့ဒဏ်ကို အပြင်းအထန် ခံစားနေရတယ်။

Dr. အောင်သူ ။ ။ ဝိနည်းကို မြေဝယ်မကျကျင့်တော်မူတဲ့ ထေရ်ရှင်များမှာ လေနာရောဂါဖြစ်တာ များတယ်ဘုရား။

ဆရာတော် ။ ။ တောရဆောက်တည်တော်မူကြတဲ့ ရဟန်းတော်များအတွက် လေနာရောဂါ၊ ငှက်ဖျားရောဂါနဲ့ဝမ်းလျှောဝမ်းပျက်တဲ့ရောဂါက ဖြစ်ရိုးဖြစ်စဉ်ပါ ဒကာကြီး။ ခုနဖြစ်စဉ်မှာ အရှင်မောဂ္ဂလ္လာန်မထေရ် ရောက်လာပြီးတော့ *"ရှေးက လေနာထရင် ဘယ်ဆေးဝါးကို သုံးဆောင်လို့ သက်သာဖူးခဲ့ပါသလဲဘုရား"*လို့ မေးတော်မူတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ မထေရ်မြတ်က *"နို့ဃနာဆွမ်း သုံးဆောင်လို့ ရောဂါပျောက်ကင်းဖူးကြောင်း"* အမိန့်ရှိတော်မူတယ်။ ဒါနဲ့ နောက်တစ်နေ့မနက် အရှင်မောဂ္ဂလ္လာန် ဆွမ်းခံထွက်တဲ့အခါ အဆင်သင့်ပင် နို့ဃနာဆွမ်းရလာတဲ့အတွက် အရှင်သာရိပုတ္တရာအား ဝမ်းမြောက်ဝမ်းသာနဲ့ ဆက်ကပ်တော်မူတယ်။ ရှင်သာရိပုတ္တရာက လတ်တလောချင်း မဘုဉ်းပေးသေးဘဲ ဆင်ခြင်တော်မူတယ်။

Dr. အောင်သူ ။ ။ ဝိနည်းအရ သင့် မသင့် ဆင်ခြင်တော်မူတာလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ *"အနံ့ကမွှေးလှချည့်လား၊ ဒီဆွမ်း ဘယ်နည်းဘယ်ပုံ ဖြစ်လာပါလိမ့်"* လို့ အဘိညာဉ်နဲ့ ဆင်ခြင်လိုက်တဲ့အခါမှာတော့ ရုက္ခစိုးနတ်တစ်ပါးရဲ့တိုက်တွန်းမှု ဝစီပယောဂကြောင့် ဖြစ်ပေါ်လာကြောင်း သိတော်မူတယ်။

Dr. အောင်သူ ။ ။ ဒါဆိုရင် မဘုဉ်းပေးတော့ဘူးလားဘုရား။

ဆရာတော် ။ ။ မဘုဉ်းပေးတော့ဘူး၊ အရှင်မဟာမောဂ္ဂလာန်

ကို သွန်ပစ်လိုက်ပါလို့ မိန့်တော်မူတယ်။ နို့ဃနာ ဆွမ်း မြေကိုကျတာနဲ့ တစ်ပြိုင်နက် လေနာရောဂါ လည်း ပျောက်ကင်းသက်သာ သွားတော့တယ်။

M.Sc ကျောင်းသား ။ ။ အံ့သြစရာပါပဲဘုရား။ ဒီနေ့ခေတ်မှာလည်း အခုလိုကျင့်သုံးတော်မူတဲ့ ရဟန်းကောင်းများ ရှိပါသေးသလားဘုရား။

ဆရာတော် ။ ။ ရှိပါသေးတယ် မောင် ကျောင်းသား၊ ညောင် လေးပင်တောရဆရာတော်ကြီး သက်တော် ၆၆-နှစ်မှာ လေငန်းရောဂါဖြစ်လာတာနဲ့ ဆေးကုသ ခံယူဖို့ ရန်ကုန် ပြည်သူ့ဆေးရုံကြီးကို ကြွရောက် တော်မူပါတယ်။ အကောင်းဆုံး ဆေးဝါးတွေနဲ့ ကုသပါသော်လည်း ကျန်းမာရေးက တိုးတက်မှု မရှိဘူး ဖြစ်နေတယ်။

M.Sc ကျောင်းသား ။ ။ ဘာကြောင့် မသက်သာ တာပါလဲဘုရား။

ဆရာတော် ။ ။ ဆရာဝန်ကြီးတွေက ဆရာတော်မှာ အစာ အာဟာရလိုနေတယ်လို့ ယူဆကြတယ်။ ဒါကြောင့် အစာအာဟာရကို အချိန်မရွေး ဘုဉ်းပေးလိုက်ရင် ရောဂါသက်သာလာမယ်လို့ သုံးသပ်ကြတယ်။

M.Sc ကျောင်းသား ။ ။ နေမွန်းလွဲပိုင်းမှာလည်း ဘုဉ်းပေးရတော့မှာတဲ့လားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ နေလွဲသွားရင်လည်း ကော်ဖီတို့၊ စွပ်ပြုတ်တို့၊ ဆန်ပြုတ်တို့ကို ဘုဉ်းပေးဖို့ ဆရာဝန်တွေက လျှောက်ထားကြပါတယ်။

Dr. အောင်သူ ။ ။ ဘုဉ်းပေးတော်မူပါသလားဘုရား။

ဆရာတော် ။ ။ မဘုဉ်းပေးပါဘူး။ ဆရာတော်ကြီးမှာ နှာခေါင်းပိုက် တပ်ထားတဲ့အတွက် စကားမပြောနိုင်ပါဘူး။ ဒါကြောင့် ဆရာတော်ကြီးက စာရွက်တစ်ရွက်နဲ့ ခဲတံတောင်းပြီး *"နိုင်ငံတော်အစိုးရ၏ အမှုထမ်းများသည် အစိုးရရဲ့ဥပဒေကို တသဝေမတိမ်း လိုက်နာ ကျင့်ကြရတယ်။ ထို့အတူ မြတ်စွာဘုရား၏ တပည့်သားဖြစ်ကြသော သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများလည်း ဘုရားရှင်၏ ဥပဒေ ဝိနည်းသာသနာတော်ကို လိုက်နာရပေမယ်"*လို့ ရေးပြီး အသိပေးတော်မူတယ်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ ဝိကာလဘောဇန သိက္ခာပုဒ်ကို မကျော်နင်းဘဲ ဝေဒနာသည်းခံပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာပဲ ပျံလွန်တော်မူသွားပါတယ်။ ရှိခိုးဦးတင်ပါတယ်ဘုရား။

Dr. အောင်သူ ။ ။ မိမိအသက်ကို သီလနဲ့ လဲလှယ်တော်မူသွားတဲ့ အာဇာနည်မထေရ် တစ်ပါးပါဘုရား။ ကြည်ညို မဆုံးပါဘုရား။ ရှိခိုးဦးတင်ပါတယ်ဘုရား။

---

ကျမ်းညွှန်း

* စတုပါရိသုဒ္ဓိသမ္မာဒနဝိမိ၊ သီလနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ-၁ (နှာ-၃၉)
* ဝိသုဒ္ဓိမဂ်လာ၊ ညောင်လေးပင်တောရတိုက် ပဓာနနာယကဆရာတော် အရိယမထေရ် (၂၀၀၅-ခုနှစ်) သတ္တမအကြိမ် (နှာ-၄၁)
* ဝိကာလဘောဇနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ-၁၁၅)